
The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 18, NO . 42 တနင်္လာနေ့တိုင်းထုတ်ဝေသည် October 22, 2018

# မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် (၉၁) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လက်ခံကျင်းပသွားမည်


စာမျက်နှာ - ၁၈ ➤

## THE 91st MEETING OF THE ASEAN COORDINATING COMMITTEE ON SERVICES (CCS) and RELATED MEETINGS



Vol: 18, No.42 Monday October 22 2018

# မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် (၉၁) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကိုလက်ခံကျင်းပသွားမည်



ဝင်းမင်းဖြိုး

အာဆီယံဒေသတွင်း လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ရာတွင် ဝန်ဆောင်မှုကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ အာဆီယံ ဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ် (ASEAN Framework Agreement on Services (AFAS) ကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။ သို့သော် ၁၉၉၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခြင်း မရှိသေးသောကြောင့် ၎င်းမူဘောင်သဘောတူစာချုပ်ကို လက်မှတ် ရေးထိုးစဉ်တွင် ပါဝင်ခဲ့ခြင်းမရှိပါ။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ ပြီးနောက် ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လက်မှတ်ရေးထိုးသည့် ဝန်ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ်ကို စတင်အကောင်အထည်ဖော်

တစ်ကြိမ်၊ မြန်မာနိုင်ငံမှ အာဆီယံအလှည့်ကျဥက္ကဋ္ဌကာလဖြစ်သည့် ၂၀၁၄ ခုနှစ်၌ (၇၇) ကြိမ်မြောက်အစည်းအဝေးကို တစ်ကြိမ် လက်ခံ ကျင်းပပေးခဲ့ပြီး ယခုအခါ(၉၁)ကြိမ်မြောက် အစည်းအဝေးကို မြန်မာ နိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် ပဉ္စမအကြိမ်မြောက် လက်ခံ ကျင်းပပေး ခြင်းဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် ၂၀၁၈ ခုနှစ် မေလ ၂၁ ရက်မှ ၂၆ ရက်ထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၉၀) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေး ကော်မတီအစည်းအဝေးနှင့် ဆက် စပ်အစည်းအဝေးများမှ ဆွေးနွေးမှုများ မပြီးပြတ်သေးသည့် ကိစ္စရပ် များအပေါ် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ပါသည်၊

(ဂ) AJCCN - ASEAN Joint Coordinating Committee on Nursing
အာဆီယံ သူနာပြုဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ

(ဃ) AJCCM - ASEAN Joint Coordinating Committee on Medical Practitioners
အာဆီယံဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုကော်မတီ

(င) AJCCD - ASEAN Joint Coordinating Committee on Dental Practitioners
အာဆီယံ သွားဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းဆောင်ရွက်မှုကော်မတီ

(စ) TWG-ADE Technical Working Group on ASEAN Dental Education
အာဆီယံ သွားဘက်ပညာရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့

(ဆ) AAEC - ASEAN Architect Education Committee
အာဆီယံဗိသုကာပညာရေးကော်မတီ

(ဇ) ACPECC - ASEAN Chartered Professional Engineers Coordinating Committee
အာဆီယံအသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်အင်ဂျင်နီယာများ ပူးပေါင်းဆောင်ရွက်မှုကော်မတီ

(ဈ) AAC - ASEAN Architect Council
အာဆီယံဗိသုကာကောင်စီ

(ည) ACPACC - ASEAN Chartered Professional Acco- untant Coordinating Committee

[illegible] ဇူလိုင်လ ၂၃ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့ပြီးနောက် ၁၉၉၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် လက်မှတ်ရေးထိုးသည့် ဝန်ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် ဈေးကွက်ဖြေလျှော့ခြင်း ပထမအသုတ်ကတိကဝတ်ကနဦးအခြေပြစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ဝန်ဆောင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ်ကို အခြေခံပြီး ဝန်ဆောင်မှု ကဏ္ဍ/ကဏ္ဍခွဲများကို ၁၉၉၇ ခုနှစ်မှစတင်၍ အသုတ်လိုက် ဖြေလျှော့လျက်ရှိရာ ဖြေလျှော့ထားသည့်ကတိကဝတ်များကို အခြေပြစာချုပ်များ လက်မှတ်ရေးထိုး၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရာ ဒသမအသုတ်ကတိကဝတ်များ အကောင်အထည်ဖော်ရေး အခြေပြစာချုပ်ကိုအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အာဆီယံစီးပွားရေးဝန်ကြီးများက စင်ကာပူနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၉ ရက်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။

အသုတ်လိုက် ဖြေလျှော့လျက်ရှိသော ဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲများတွင် အဓိကဝန်ဆောင်မှုကဏ္ဍကြီး ၁၂ ခုရှိပြီး ၎င်းအောက်တွင် ကဏ္ဍခွဲပေါင်း ၁၅၀ ကျော်ရှိသည့်အနက် ကဏ္ဍခွဲ ၁၂၀ ကျော်ကို မြန်မာနိုင်ငံမှ ဈေးကွက်ဖွင့်လှစ်ကမ်းလှမ်းထားခဲ့ပြီးဖြစ်ပါသည်။ ၎င်းကဏ္ဍများထဲတွင် စီးပွားရေးဝန်ဆောင်မှု၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ ဆောက်လုပ်ရေးနှင့် ဆက်စပ်သော အင်ဂျင်နီယာဝန်ဆောင်မှု၊ ဖြန့်ဖြူးရောင်းချရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု၊ ၎င်းနှင့်ဆက်စပ်သော လူမှုရေးဝန်ဆောင်မှု၊ ခရီးသွားဧည့်သည်နှင့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှု၊ အပန်းဖြေခြင်း၊ ယဉ်ကျေးမှုနှင့် အားကစားဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု အစရှိသည့် ဝန်ဆောင်မှု အမျိုးအစားများ ပါဝင်ပါ သည်။

အခြေပြစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရေးနှင့် ဝန်ဆောင်မှုကဏ္ဍ/ကဏ္ဍခွဲများအလိုက် ဈေးကွက်ဝင်ရောက်ခွင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာ ၉၁ ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား Alphabetically အလှည့်ကျ ညှိနှိုင်းဆောင်ရွက်လေ့ရှိရာ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် (၃၇) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၀၄ ခုနှစ်၌ တစ်ကြိမ်၊ (၄၄) ကြိမ်မြောက်ကို ၂၀၀၆ ခုနှစ်၌ တစ်ကြိမ်၊ (၅၈) ကြိမ်မြောက်ကို ၂၀၀၉ ခုနှစ်တွင်

[illegible] ရက်ထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော (၉၀) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေး ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများမှ ဆွေးနွေးမှုများ မပြီးပြတ်သေးသည့် ကိစ္စရပ်များအပေါ် ဆက်လက်ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ပါသည်။

(၉၁)ကြိမ်မြောက် အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်ထိ နေပြည်တော် Kempinski Hotel တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အာဆီယံစီးပွားရေး အသိုက်အဝန်း - ၂၀၂၅ အကောင်အထည်ဖော်ရေး ရည်မှန်းချက်များသို့ ရောက်ရှိစေပြီး ဝန်ဆောင်မှုကဏ္ဍ၊ ကဏ္ဍခွဲများနှင့်ဆက်စပ်၍ ဒေသတွင်းနိုင်ငံများကြား ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများ၊ အကောင်အထည်ဖော်ဆောင်ရွက်မှုများအတွက် ရလဒ်ကောင်းများကို ညှိနှိုင်းဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အစည်းအဝေးစုစုပေါင်း ၁၅ ခု ကျင်းပမည်ဖြစ်ပြီး ဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ ကဏ္ဍရပ်များအပေါ် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ပြီး ကျန်းမာရေးကဏ္ဍအောက်တွင်သွားဘက်ဆိုင်ရာ၊ ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ၊ သူနာပြုကဏ္ဍဆိုင်ရာများကိုလည်းကောင်း၊ အင်ဂျင်နီယာကဏ္ဍအောက်တွင် ဗိသုကာပညာရှင်ဆိုင်ရာ၊ အင်ဂျင်နီယာဆိုင်ရာ၊ မြေတိုင်းတာမှုဆိုင်ရာများကို လည်းကောင်း၊ စာရင်းကိုင်ပညာရပ်ဆိုင်ရာ၊ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အစရှိသည့် နယ်ပယ်ကဏ္ဍများကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်၍ အာဆီယံအပါအဝင် အခြားလွတ်လပ်သောကုန်သွယ်မှုဒေသများ၏ ဝန်ဆောင်မှုကုန်သွယ်ရေးနှင့် စပ်လျဉ်းသည့် Focal ဌာနအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်ထိ ခြောက်ရက်ကြာကာလအတွင်း အောက်ဖော်ပြပါအစည်းအဝေးများကိုကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရပါသည်-

(က) CCS - Coordinationg Committee on Services
အာဆီယံဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီ

(ခ) HSSWG - Health Care Services Sectoral Working Group
ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့
ကော်မတီ

(ဈ) AAC - ASEAN Architect Council
အာဆီယံဗိသုကာကောင်စီ

(ည) ACPACC - ASEAN Chartered Professional Acco-untant Coordinating Committee
အာဆီယံ အသိအမှတ်ပြုလက်မှတ်ရ ကျွမ်းကျင်စာရင်းကိုင်များ ပူးပေါင်းဆောင်ရွက်မှုကော်မတီ

(ဋ) LTSSWG - Logistics and Transport Services Sectoral Working Group Private Sector Engagement
ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု ကဏ္ဍဆိုင်ရာ လုပ်ငန်း အဖွဲ့ ပုဂ္ဂလိကကဏ္ဍနှင့်တွေ့ဆုံခြင်း

(ဌ) LTSSWG - Logistics and Transport Services Sectoral Working Group
ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ လုပ်ငန်း အဖွဲ့

(ဍ) BSSWG - Business Services Sectoral Working Group
စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့

(ဎ) Surveying - Competent Authorities of the Mutual Recognition Arrangement – MRA Surveying
အပြန်အလှန်အသိအမှတ်ပြု မြေတိုင်းတာမှုကိစ္စများဆိုင်ရာ အခွင့်အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်းများ ဆွေးနွေးမှု

(ဏ) TISSWG - Telecommunication and IT Services Sectoral Working Group
ဆက်သွယ်ရေးနှင့် နည်းပညာဝန်ဆောင်မှုကဏ္ဍဆိုင်ရာလုပ်ငန်းအဖွဲ့

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားပြုဆွေးနွေးမည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၊ ကောင်စီနှင့်အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ် ၉၀၀ ဦးခန့် တက်ရောက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်အစည်းအဝေးများတွင် မြန်မာနိုင်ငံအပါအဝင် အလှည့်ကျနိုင်ငံများမှ အစည်းအဝေး၏ ဥက္ကဋ္ဌအဖြစ် အသီးသီး တာဝန်ယူဆွေးနွေးသွားကြမည်ဖြစ်ပါသည်။

(၉၁) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ထိုင်းနိုင်ငံမှဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ကျင်းပမည့် အစည်းအဝေးများတွင် မြန်မာနိုင်ငံမှ အစည်းအဝေး၏ ဥက္ကဋ္ဌတာဝန်အဖြစ် တာဝန်ယူဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။